# Speech Pathology
## ပြောဆိုမှုဆိုင်ရာ ရောဂါဗေဒ

# စာအုပ်များနှင့် ပုံနှိပ်စာများအကြောင်းကို လေ့လာသင်ယူပါ (Learning about books and print)

ပုံနှိပ်စာ အသိပညာ ဆိုသည်မှာ ရေးသားထားသော ဘာသာစကား၏ အဓိပ္ပာယ်ပေါက်မှုကို နားလည်ခြင်းဖြစ်သည်။
ပုံနှိပ်စာ အသိပညာ သည် နောက်ပိုင်းတွင် စာဖတ်တတ်ရန်နှင့် စာတတ်မြောက်ခြင်း ဖွံ့ဖြိုးမှုအတွက် ပဓာနကျသည်။ ၎င်းတွင်၊

- *မျက်နှာဖုံး*၊ *စာမျက်နှာများ* နှင့် *ခေါင်းစဉ်* တို့ ကဲ့သို့သော စာအုပ်၏ အစိတ်အပိုင်းများကို သိခြင်း၊
- *စကားလုံးများ* / *အက္ခရာများ* နှင့် *ဝါကျများ* တို့မှာ မည်သည့်အရာများဖြစ်သည်ကို နားလည်ခြင်းနှင့်
- စာသားများကို မည်ကဲ့သို့ ဖွဲ့စည်းထားသည်ကို သိခြင်း၊ ဥပမာ *ဘယ်ဘက်မှ ညာဘက်သို့* နှင့် *ထိပ်ဆုံးမှ အောက်သို့* ဖြစ်ခြင်းတို့ ပါဝင်ပါသည်။

ကလေးများ ပုံနှိပ်စာများအကြောင်းကို တတ်မြောက်ကြသည်မှာ လူကြီးများထံမှ၊ စာအုပ်များကို ဝေငှဖတ်ခြင်းမှ နှင့် ၎င်းတို့၏ ပတ်ဝန်းကျင်တို့မှ ဖြစ်ပါသည်။

## ပုံနှိပ်စာများအကြောင်းကို ပြောဆိုဆွေးနွေးပါ။ (Talk about print)

စာအုပ်များကို ဝေငှဖတ်ကြပြီး အသံများနှင့် စကားလုံးများအကြောင်းကို ပြောဆိုဆွေးနွေးပါ။



### စာအုပ်များ၏ အစိတ်အပိုင်းအကြောင်းကို ပြောဆိုဆွေးနွေးပါ။

စာအုပ်ကို အတူတူထိုင်ဖတ်ကြပါ။ စာအုပ်၏ အင်္ဂါရပ်များအကြောင်းကို ပြောဆိုဆွေးနွေးပါ။


ဤစာအုပ်၏ *အမည်* မှာ ……
ကျွန်ုပ်တို့ *စတင်ဖတ်ရမည့်* နေရာမှာ ဤနေရာဖြစ်သည်။
*စာမျက်နှာများကို လှန်ရန်* သင် ကျွန်ုပ်အား ကူညီပေးနိုင်သည်။
ဤစာမျက်နှာသည် *နောက်ဆုံး စာမျက်နှာ* ဖြစ်သည်။




### အမှတ်အသားများနှင့် အမှတ်တံဆိပ်များအကြောင်းကို ပြောဆိုဆွေးနွေးပါ။

အိမ်၌တွေ့မြင်ရသည့် (ဥပမာ ကပ်ထားသော အမှတ်တံဆိပ်များနှင့် စာအုပ်များထဲမှ)
အမှတ်အသားများနှင့် ရေးသားထားချက်များကို ညွှန်ပြပါ။
ပြင်ပ (ဥပမာ အဆောက်အဦများ၊ စားသောက်ဖွယ်စာရင်းများနှင့် အမှတ်အသားများအပေါ်၌ရှိသော)
ရေးသားထားချက်များအကြောင်းကို ပြောဆိုဆွေးနွေးပါ။

ဤ*အမှတ်တံဆိပ်က ခေါက်ဆွဲဖြစ်သည်ဟုဆိုသည်*။
ထို*ဆိုင်းဘုတ်က ထွက်ပေါက်ဟုဆိုသည်*။
ထို*ဆိုင်းဘုတ်က ဘတ်စ်ကားဂိတ်ဟုဆိုသည်*။




### စကားလုံးများနှင် အက္ခရာများအကြောင်းကို ပြောဆိုဆွေးနွေးပါ။

သင့်တစ်နေ့တာတွင် တွေ့မြင်ရသော စကားလုံးများနှင် အက္ခရာများအကြောင်းကို ပြောဆိုဆွေးနွေးပါ။

ဤ*စကားလုံးသည် မြင်းဖြစ်သည်*။
ဤစကားလုံး၏ ပထမအက္ခရာသည် *သင့်အမည်၏ ပထမအက္ခရာနှင့် အတူတူ*ပင်ဖြစ်သည်။
ဤအက္ခရာသည် *စာလုံးကြီး အက္ခရာ* ဖြစ်သည်။
ဤစကားလုံးများသည် *အသံတစ်ခုတည်းနှင့် စသည်*။

Health Western NSW Local Health District
Creator: Katrina Rohr, MSLP, Bathurst Community Health Centre.
Photographs are from Pixabay (https://pixabay.com/en/photos/) and are freely available via CC0 Creative Commons.
Rohr, K. & Waiting for Speech Pathology Team. (2018). *Learning about books and print*. Bathurst, Australia: Western NSW Local Health District.
Retrieved from: https://wnswlhd.health.nsw.gov.au/Pages/Waiting-For-Speech-Pathology.aspx